mgyoe.com

SAMPLE BOOK

မောင်ခင်မင်(ဓနုဖြူ)

# စိတ်ဓာတ်အမွေခံ
# ပညာအမွေခံ



mgyoe.com

mgyoe.com SAMPLE BOOK

ပညာသင်ကြားမှု သင်ယူမှုတွင်
အကျက်အမှတ် အားသန်ပြီး
ကျိုးကြောင်းဆင်ခြင်မှု အားနည်းနေလျှင်
ခြေခြေမြစ်မြစ် မတတ်ကျွမ်းသော
ပညာတတ်မည့်ကာမတ္တများသော
ပေါပေါများများ ပေါ်ထွက်ပြီး
တကယ့်ပညာတတ်များ
ရှားပါးနေလိမ့်မည်ဟု
ခံယူပါသည်။
တကယ့်ပညာတတ်
ပေါပေါများများ ပေါ်ထွက်စေလိုသော
စေတနာစေ့ဆော်သည့်အတွက်
ဤဆောင်းပါးများကို
ရေးဖြစ်ခဲ့ပါသည်။

# စိတ်ဓာတ်အမွေခံ ပညာအမွေခံ

မောင်ခင်မင်(ဓနုဖြူ)

mgyoe.com

mgyoe.com SAMPLE BOOK


စာမူခွင့်ပြုချက်အမှတ် [ ၄၀၀၀၆၈ ၀၁ ၀၈ ]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၄၀၀၂၁၂ ၀၃ ၀၈ ]

■

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ [၂၀၀၈၊ ဇွန်လ]

အုပ်ရေ (၅၀၀)

■

မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်သူ

ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်

၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁]

အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊

ရန်ကုန်မြို့။

■

အတွင်းဖလင်

အေဇကဲ

■

စာအုပ်ချုပ်

ဖူးပွင့်မွေး

■

မျက်နှာဖုံးဒီဇိုင်း

လင်းဝဏ္ဏ

■

တန်ဖိုး

၂၀၀၀ ကျပ်


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁။ | ကျောင်းစာတော်ပါ၏ သို့သော် | ၇ |
| ၂။ | အလွတ်ကျက်သင့်သည် မကျက်သင့်သည် | ၁၃ |
| ၃။ | ရင်းဖျားကုန်စင် တတ်မြော်မြင် | ၁၈ |
| ၄။ | တန်းတူရည်တူ | ၂၄ |
| ၅။ | ဘာနှင့် ဘယ်လို | ၃၀ |
| ၆။ | ချိုးမကလေး မကူနိုင်ရှာပြီ | ၃၇ |
| ၇။ | ယုံလွယ်သော မိဘများသို့ | ၄၃ |
| ၈။ | တံခါးနှစ်ပေါက်နှင့် နှလုံးသားရိုင်းပျမှု | ၄၉ |
| ၉။ | အရမ်းအရမ်းမှသည် | ၅၈ |
| ၁၀။ | ရိုင်းမှန်းမသိသောကြောင့် | ၆၃ |
| ၁၁။ | အစဉ်အလာနှင့် တီထွင်မှု | ၆၈ |
| ၁၂။ | အဟောင်းအသစ်နှင့် ခေတ်လူငယ် | ၇၅ |
| ၁၃။ | အိပ်မက်များ အသက်ဝင်လာခြင်း | ၈၂ |
| ၁၄။ | ကိုယ့်ကိုယ်ကိုယ် ယှဉ်ပြိုင်ခြင်း | ၈၆ |
| ၁၅။ | ရင်ထဲက မြတ်ဆရာ | ၉၀ |
| ၁၆။ | ဆွေမျိုးမတော်စပ်သော ဆွေမျိုးများ၏ | ၉၅ |
| ၁၇။ | ဆရာ့ကျေးရှူး ဖော်ကျူးရာဝယ် | ၉၈ |
| ၁၈။ | ဘွဲ့နှင်းသဘင်အတွေး | ၁၀၅ |
| ၁၉။ | ပညာတတ်တစ်ယောက်၏တန်ဖိုး | ၁၁၂ |
| ၂၀။ | စိတ်ဓာတ်အမွေခံ ပညာအမွေခံ | ၁၁၈ |


mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ၏အမှာ

ကျွန်တော်ရေးသော စာများတွင် လူငယ်များအတွက် ရည်ရွယ် သော ဆောင်းပါးများလည်း အပါအဝင်ဖြစ်ပါသည်။ အထူးသဖြင့် နည်းမှန်လမ်းမှန် ပညာသင်ယူမှု၊ ကိုယ်နှုတ် အမူအရာ ယဉ်ကျေးသိမ်မွေ့မှု၊ အတိတ်အစဉ်အလာများကို တန်ဖိုးထားမှု၊ ကိုယ့်စွမ်းကိုယ်စထုတ်မှု၊ ကိုယ်ကျင့်တရား ထိန်းသိမ်းမှု၊ ဆရာ့ကျေးဇူးကိုအလေးအမြတ်ပြုမှု၊ ပညာနှင့် ပညာတတ်ဘဝကို တန်ဖိုးထားမှု ဟူသော အရည်အသွေး ကောင်းများကို လူငယ်များ သတိပြုမိစေချင်သည့်အတွက် ဤဆောင်းပါးများကို ရေးပါသည်။

ပညာသင်ကြားမှု သင်ယူမှုတွင် အကျက်အမှတ် အား သန်ပြီး ကျိုးကြောင်းဆင်ခြင်မှု အားနည်းနေလျှင် ခြေခြေ မြစ်မြစ် မတတ်ကျွမ်းသော ပညာတတ်မည်ကာမတ္တများသာ ပေါပေါများများ ပေါ်ထွက်ပြီး တကယ့်ပညာတတ်များ ရှားပါး နေလိမ့်မည်ဟု ခံယူပါသည်။ တကယ့်ပညာတတ်များ ပေါပေါ များများ ပေါ်ထွက်စေလိုသောစေတနာ စေ့ဆော်သည့်အတွက် ဤဆောင်းပါးများကို ရေးဖြစ်ခဲ့ပါသည်။

ဤဆောင်းပါးများကို စာအုပ်အဖြစ် စုစည်းရာတွင် ပါဝင်ဆောင်ရွက်သူ အားလုံးကို ကျေးဇူးတင်ပါသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# ကျောင်းစာတော်ပါ၏ သို့သော်...

"တချို့ကလေးတွေ ကျောင်းစာတော့ တော်ပါရဲ့၊ ကျန်းမာရေး ဂရုမစိုက်တော့ ကုပ်ချည့်ချည့် ညှောင်နာနာကလေးတွေ ဖြစ်နေတယ်။ ကျောင်းစာကလွဲပြီး အပြင်စာ မဖတ်တော့ ဗဟုသုတလည်း နည်းတာပေါ့။ ပေါင်းသင်းဆက်ဆံရေးမှာလည်း အားနည်းတတ်ကြတယ်။"

အခြေခံပညာအတန်းများမှ ကျောင်းသားများအကြောင်း စကားစပ်မိကြသည့် အခါမျိုးတွင် ဤသို့သော မှတ်ချက်မျိုးကို ကြားရတတ်ပါသည်။ "စာတော်လို့ ထူးချွန်တဲ့ ကလေးတွေကြည့်လိုက်ရင် ပျော့နဲ့နဲ့ မလှုပ်မယှက် ကလေးတွေများတယ်"ဟု တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက စိတ်မသက်မသာ မှတ်ချက်ချသည်ကိုလည်း ကြားရဖူးပါသည်။

ကလေးအချို့ စာကြိုးစားပုံကို မြင်ရသည်မှာ ရင်မောစရာလည်း ကောင်းပါသည်။ သနားစရာလည်း ကောင်းပါသည်။ သူတို့ခမျာ အဘက်ဘက်က လိုလေသေးမရှိအောင် ဖြည့်ဆည်းလိုသည့်အတွက် တစ်ဝိုင်းဆင်း တစ်ဝိုင်းတက် ဝိုင်းကြီးပတ်ပတ် သံသရာလည်ကာ ဝိုင်းတွေထဲမှာ အချိန်အများကြီး ပေးရသည့်အတွက် အားကစားကိုလည်း လှည့်မကြည့်



mgyoe.com

mgyoe.com SAMPLE BOOK



အား၊ သတင်းစာလည်း မဖတ်နိုင်၊ မဂ္ဂဇင်းတို့၊ ဝတ္ထုတို့ဆိုတာ ဝေလာဝေး၊ တီဗွီကြည့်ဖို့၊ သီချင်းနားထောင်ဖို့လည်း အချိန်မပေးနိုင်၊ အပေါင်းအသင်း သူငယ်ချင်းတွေနှင့် စကားဝိုင်းဖွဲ့ဖို့လည်း အချိန်မရ။ စာမေးပွဲမှာ အမှတ်ကောင်းဖို့ ထူးချွန်ဖို့အတွက် သူတို့ရင်းရသော အရင်းအနှီးကား မနည်းလှပါ။ စွန့်လွှတ်ရသော တန်ဖိုးများကလည်း မသေးလှပါ။

စာကြိုးစားတာ မကောင်းဟု ဆိုလိုခြင်းမဟုတ်ပါ။ ကျင့်သုံးပုံကျင့်သုံးနည်းတွင် ဟန်ချက်မမျှဘဲ တစ်ဖက်စွန်းရောက်သွားတတ်ပုံကို ဖော်ပြလိုခြင်း ဖြစ်ပါသည်။ မိမိရည်မှန်းချက် ပေါက်မြောက်အောင် အားထုတ်ရာတွင် ထိုမျှအရင်းအနှီး စိုက်စရာမလိုဘဲ၊ ထိုမျှစွန့်လွှတ်စရာမလိုဘဲ ဟန်ချက်မျှမျှ အားထုတ်ခြင်းဖြင့် လိုရာပန်းတိုင်သို့ ရောက်နိုင်ကြောင်း သက်သေသာဓကများစွာ ရှိပါသည်။

သားသမီးတွေကို ကျောင်းစာထဲမှာသာ ခေါင်းမြှုပ်ထားခိုင်းသော မိဘမျိုးရှိသကဲ့သို့ ကျောင်းစာလည်းတော်အောင်၊ အခြားလုပ်သင့်လုပ်ထိုက်သည့် ကိစ္စများလည်း မလွတ်အောင် ပဲ့ကိုင်ပေးသော မိဘမျိုးလည်းရှိပါသည်။ စာကြိုးစားရင်း ဝူရှူးကစားသူ၊ စာကြိုးစားရင်း ဂစ်တာတီးသူ၊ စာကြိုးစားရင်း ဝတ္ထုမျိုးစုံဖတ်သူ၊ စာကြိုးစားရင်း ပန်းချီဆွဲသူ စသည်ဖြင့် စာလည်းကြိုးစား ဝါသနာကိုလည်း ပျိုးထောင်တတ်သော လူငယ်ကလေးများလည်း အများအပြား ရှိပါသည်။ ကျောင်းစာလည်း ထူးချွန်ပါသည်။ ဝါသနာပါသည့် လှုပ်ရှားမှုများတွင်လည်း ထူးချွန်ပါသည်။ [illegible]းအကားပြရသည်မှာ ဖန်တစ်ရာ တေနေပြီဖြစ်သော “အလုပ်လုပ်ချိန်မှာ အလုပ်လုပ်ပါ၊ ကစားချိန်မှာ ကစားပါ”ဆိုသော ကဗျာစာသားကလေးသည် ယနေ့အထိ ခေတ်မီနေဆဲဖြစ်ပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK



တက္ကသိုလ်ဝင်စားမေးပွဲမှာ အမှတ်ကောင်းသည့်အတွက် ဆေးတက္ကသိုလ်တို့၊ နည်းပညာတက္ကသိုလ်တို့ ရောက်သည့် ကျောင်းသားများထဲတွင် ထိုသို့သော ကျောင်းသားများ ပါဝင်ပါသည်။ တက္ကသိုလ်ရောက်တော့ မိမိဝါသနာပါရာ ကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့် ရကြသည်။ တက္ကသိုလ်မဂ္ဂဇင်းမှာဝင်ပြီး ကလောင်သွေးသည်။ မဂ္ဂဇင်းထုတ်သည်။ ကျပန်းစကားပြောပွဲတို့၊ စကားရည်လုပွဲတို့မှာ ပါဝင်ဆင်နွှဲသည်။ ဝါသနာရှင်များ စုစည်းပြီး တူရိယာအဖွဲ့ဖွဲ့၍ ဆိုကြ တီးကြသည်။ ကျောင်းကပွဲမှာ ဝင်ပြီး ဇာတ်ဆရာလုပ်သည်။ ဆိုကရေးတီး ပြိုင်ပွဲမှာ ဝင်ပြိုင်သည်။ အနုပညာအသင်းမှာ ပါဝင်ပြီး ပန်းချီဆွဲသည်။ ပန်းပုထုသည်။ စန္ဒရားတီးသည်။ ဝါသနာပါရာ အားကစားအသင်းမှာလည်း ပါဝင်သည်။ အပေါင်းအသင်းများ အပေးအယူမျှမျှဖြင့် လေ့လာရေးခရီးထွက်သည်။ ရည်မှန်းထားသော ဆရာဝန်ဘွဲ့၊ အင်ဂျင်နီယာဘွဲ့ စသည်တို့ကို အောင်အောင်မြင်မြင် ဆွတ်ခူးနိုင်သည့်နည်းတူ အောင်မြင်သော စာရေးဆရာ ဘဝ၊ ပန်းချီဆရာဘဝ၊ စန္ဒရားဆရာဘဝ၊ အဆိုတော်ဘဝ စသည်တို့ကိုလည်း အောင်အောင်မြင်မြင် ရယူနိုင်ကြသည်။

နာမည်ကျော် ဆရာဝန် စာရေးဆရာတွေ၊ ဗိသုကာ အင်ဂျင်နီယာ စာရေးဆရာတွေ၊ ဆရာဝန် အဆိုတော်တွေ၊ ဆရာဝန် ဂီတပညာရှင်တွေ၊ ဝိဇ္ဇာသိပ္ပံ ပါရဂူဘွဲ့ပိုင်ရှင် စာရေးဆရာတွေ စသည်စသည်ဖြင့် သက်သေပြစရာ အများအပြား ရှိနေပါပြီ။

အသိအကျွမ်းထဲက လူငယ်ဆရာဝန်တစ်ယောက် တွေ့ဖူးပါသည်။ သူက ကျောင်းစာထဲမှာ ခေါင်းမြှုပ်ပြီး ဆရာဝန်ဖြစ်လာသူ ဖြစ်သည်။ အပြင်စာ အဖတ်အရှုမရှိ။ ဆရာဝန်ဖြစ်လာတော့ ဆေးကုရာမှာ အောင်မြင်သည်။ အပြင်ဗဟုသုတကျတော့အလွန်နည်းသည်။ "မင်းက ဆရာဝန်



mgyoe.com

mgyoe.com SAMPLE BOOK



သာဖြစ်နေတာ၊ တချို့နေရာကျတော့ တွေးတာခေါ်တာ ကလေးလိုပဲ” ဟု သူ့အပေါင်းအသင်းအချို့က ကျီစယ်ကြသည်။

ငယ်ငယ်က ကျွန်တော့်သူငယ်ချင်းတစ်ယောက် ရှိပါသည်။ သူက ကျောင်းစာကလွဲပြီး ဘာမှမဖတ်။ ကျွန်တော်တို့က မဂ္ဂဇင်းတွေ၊ ဝတ္ထုတွေ အားသွန်ခွန်စိုက် ဖတ်နေသည့် အချိန်တွင် သူက “ငါကတော့ စာဝါသနာ မပါဘူး၊ ကျောင်းစာပဲ ဝါသနာပါတယ်”ဟု ခပ်ကြောင်ကြောင် စကားမျိုး ပြောသည်။ စာမေးပွဲဖြေသည့်အခါကျတော့ အထူးသဖြင့် မြန်မာစာလို၊ အင်္ဂလိပ်စာလို၊ သမိုင်းလိုဘာသာမျိုးတွင် သူက ကျွန်တော်တို့ထက် အမှတ် နည်းသည်။ စာအရေးအသား အားပြုရသည့် ဘာသာရပ်မျိုးတွေမှာ အပြင်စာ အဖတ်များသူက တစ်ပန်းသာသည်ဆိုသည်ကို သူသဘောပေါက်ပုံ မရပါ။

တက္ကသိုလ်မှာ မြန်မာစာအထူးပြုသော တပည့်ကလေးများကို အကဲခတ်ကြည့်သောအခါ ကျောင်းသားနှစ်မျိုး တွေ့ရသည်။ တစ်မျိုးက ကျောင်းစာမှတစ်ပါး အပြင်စာကို မည်မည်ရရ မဖတ်ခဲ့ဖူးသော ကျောင်းသား မျိုးဖြစ်သည်။ “ငယ်ငယ်ကတည်းက ဝတ္ထုမဖတ်ရဘူး၊ ဖတ်ရင် အဖေ အမေက မကြိုက်ဘူး၊ ဝတ္ထုဖတ်ရင် ပျက်စီးလိမ့်မယ်ဆိုပြီး တားမြစ်ထား တယ်”ဟု ပြောသူလည်း ရှိသည်။ နောက်တစ်မျိုးမှာ ငယ်ငယ်ကတည်းက ဝါသနာအလျောက် အပြင်စာတွေကို မက်မက်မောမော ဖတ်ခဲ့သော ကျောင်းသားမျိုးဖြစ်သည်။ သူတို့ကို မေးကြည့်တော့ ရပ်ကွက်ထဲက စာကြည့်တိုက်မှာ စာကြမ်းပိုးထိုးခဲ့ပုံ၊ လူကြီးတွေက ဆူလျှင်လည်း ဝတ္ထု ခိုးဖတ်ခဲ့ပုံ၊ ဝတ္ထုကလေးတွေ၊ ကဗျာကလေးတဝ မတောက်တခေါက် ရေးပြီး စာစောင်ကလေးများသို့ ပို့ခဲ့ပုံ စသည့် အတွေ့အကြုံများကို ပြောပြကြသည်။ ထိုကျောင်းသားမျိုးက အမြဲတစ်ပန်းသာသည်။ စာမေးပွဲ



mgyoe.com

mgyoe.com SAMPLE BOOK



မှာ အမှတ်ကောင်းကောင်းရသည်။ စာပေအဖတ်အရှု အခံရှိသည့်အတွက် ပြောလိုက်လျှင် နားလည်လွယ်သည်။ ငယ်ငယ်က စာအဖတ်အရှု မရှိခဲ့သူမျိုးကျတော့ ပြောလိုက်လျှင် ချက်ချင်းသဘောမပေါက်။ နားဝေးသည်။ အကောက်အယူလည်း လွဲတတ်သည်။

မှတ်မှတ်ရရ "ကုံကော်မြိုင်စာတန်း"ထဲက အောင်သင်း၏ "ချို တကူးနှင့်ဂုဏ်ရည်မတူ" ဆိုသော ရသစာတမ်းကို ဖတ်ခိုင်းပြီး တစ်ယောက်ချင်း ဆွေးနွေးခိုင်းသည်။ ထိုရသစာတမ်း၏ အာဘော်မှာ အနုပညာ၏ အစွမ်းသတ္တိကြီးမားပုံကို ဖော်ပြခြင်းဖြစ်ကြောင်း အများသိကြပါသည်။ ဘဝတစ်လျှောက်လုံး ဒုက္ခမျိုးစုံ ကြုံခဲ့ဖူးသော ကုလားကလေး ချိုတကူး၏ ဖြစ်ရပ်သည် အစစ်အမှန်ဖြစ်ရပ်၊ ဆရာသုခ၏ ဂုဏ်ရည်မတူ ဇာတ်ကားထဲမှာ သူတောင်းစားမကလေး မယ်သုံအဖြစ် သရုပ်ဆောင်သော မေသစ်၏ သရုပ်ဆောင်ကွက်များသည် အစစ်အမှန် ဖြစ်ရပ်မဟုတ်။ ဆရာသုခ ဖန်တီးထားသော ဖြစ်ရပ်အတုမျှသာ။ သို့သော် ချိုတကူး၏ ဖြစ်ရပ်ကို ပြောပြသောအခါ ကြားသူတို့ သနားကြသော်လည်း မျက်ရည်ကျသည်အထိ စိတ်မထိခိုက်ကြ။ ဂုဏ်ရည်မတူဇာတ်ကားကို ကြည့်ရသူများမှာမူ မေသစ်ကို သနားပြီး မျက်ရည်ကျကြသည်။ ချိုတကူးကိုယ်တိုင်ပင် ဂုဏ်ရည်မတူကို ကြည့်ပြီး မျက်ရည်ကျသည်။ ဆရာအောင်သင်းက အစစ်ထက်အတုကို ပို၍မြတ်နိုးတတ်၊ ကရုဏာသက်တတ်သော လူ့သဘာဝကို ယှဉ်ပြပြီး မိမိသည် အနုပညာမျက်နှာကို ထိုခဏ၌ ရိပ်ခနဲမြင်လိုက်ရကြောင်း အဆုံးသတ်ကာ အနုပညာ၏အစွမ်းသတ္တိကို ဖော်ထုတ်ပြထားသည်။

ကျောင်းသားများကို ဖတ်ခိုင်းပြီးနောက် တစ်ယောက်ချင်း ဆွေးနွေးသောအခါ မိန်းကလေးတစ်ယောက်က ဤစာတမ်းသည် အစစ်ထက် အတုကို ပို၍မြတ်နိုးခြင်းမှာ မှားကြောင်း၊ အစစ်ကိုသာလျှင် အတုထက်



mgyoe.com

mgyoe.com SAMPLE BOOK



ပို၍မြတ်နိုးသင့်ကြောင်း စာရေးသူက ဆိုလိုခြင်းဖြစ်ပါသည်ဟု ဆွေးနွေးပါတော့သည်။ သူသည် စာကို ကျောင်းစာအဖြစ်သာ ကျက်မှတ် ဖတ်ရှုသူဖြစ်ပြီး အပြင်စာဖတ်သည့် အလေ့မရှိကြောင်းလည်း သိရပါသည်။

ငယ်ငယ်က ကျောင်းစာထဲမှာသာ ခေါင်းမြှုပ်ထားပြီး ကျောင်းစာမှတစ်ပါး အခြားစာများ ဖတ်ရှုလေ့လာသည့် အလေ့မျိုးမရှိခဲ့လျှင် ကြီးလာသောအခါ ယခုဖော်ပြခဲ့သော ကလေးမကလေးကဲ့သို့ လွဲမှား နားဝေးသည့် အဖြစ်မျိုးရောက်မည် စိုးရပါသည်။

ရှုမဝ်ငြိုးမဂ္ဂဇင်း ၂၀၀၅၊ နိုဝင်ဘာ။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အလွတ်ကျက်သင့်သည်၊ မကျက်သင့်သည်

ယနေ့ ကျောင်းသားအချို့နှင့်ပတ်သက်၍ လူကြီးမိဘများ၊ ဆရာများက ဤသို့ မှတ်ချက်ချသည်ကို ကြားရပါသည်။

"သူတို့က ကျက်ရမဲ့ စာမျိုးကျတော့ အလွတ်ရအောင် မကျက်ဘူး၊ မကျက်ရမဲ့ စာမျိုးကို အလွတ်ကျက်နေကြတယ်"

ဤပြဿနာနှင့် ပတ်သက်၍ အတော်များများ ဆွေးနွေးခဲ့ကြဖူးပါပြီ။ အထူးသဖြင့် ကျောင်းသင်ခန်းစာများကို သဘောပေါက် နားလည်အောင် ဖတ်ပြီး ကိုယ့်အရေးအသားနှင့် ပြန်ရေးသည့် အလေ့အကျင့်မျိုး နည်းလာပြီး "၏၊ ၍၊ သည်၊ နှင့်" မကျန် မလွတ်ကျက်၍ ကျက်ထားသမျှ ပြန်"အန်ချ"တတ်သည့် အလေ့အကျင့်မျိုး လူငယ်၊ ကျောင်းသားများ အကြားတွင် များလာသည့်အတွက် ဤသို့ ပြောကြ၊ ဆိုကြ၊ ဆွေးနွေးကြခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် မြန်မာစာ သင်ကြားပို့ချသော ဆရာဖြစ်သည့်အတွက် မြန်မာစာကို သာဓကဆောင်၍ ဆွေးနွေးလိုပါသည်။ သူငယ်တန်းမှသည် တက္ကသိုလ်မြန်မာစာ နောက်ဆုံးနှစ်အထိ ပြဋ္ဌာန်းထားသော



mgyoe.com

mgyoe.com SAMPLE BOOK



စာများတွင် ကျက်မှတ်သင့်သည့် စာများ အများအပြား ပါဝင်ပါသည်။ အခြားမဟုတ်ပါ။ ကဗျာများ ဖြစ်ပါသည်။ ပျို့၊ မော်ကွန်း၊ ဧချင်း၊ ရတု စသည့် လေးလုံးစပ်ကဗျာများ၊ အဲချင်း၊ အိုင်ချင်း၊ တျာချင်း၊ လွမ်းချင်း စသည့် ကဗျာများ၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ တေးထပ်၊ ဘောလယ် စသည့် ကဗျာများသည် နှုတ်တက်အာဂုံဆောင်ထားသင့်သော ကဗျာများ ဖြစ်ပါသည်။ ကဗျာတစ်ပုဒ်လုံး အလွတ်မရလျှင်တောင်မှ ကောင်းနိုးရာရာ အပိုဒ်များကို အလွတ်ရနေတတ်ကြပါသည်။ မြန်မာစာကို ဝါသနာပါသော ကျောင်းသားများသည် ဆရာသင်လိုက်သည့် ကဗျာများကို သဘောကျနှစ်သက်လျှင် ကျက်မှတ်တတ်ကြမြဲ ဖြစ်ပါသည်။ သဘောကျလွန်း၍ အကြိမ်ကြိမ် ရွတ်ဆိုရင်း အလွတ်ရသွားသည်လည်း ရှိပါသည်။ ပျော်ပျော်ရွှင်ရွှင် နှစ်နှစ်သက်သက် လိုလိုလားလား ကျက်မှတ်ကြခြင်းလည်း ဖြစ်ပါသည်။

ကဗျာအလွတ်ရသည့်အတွက် ကျောင်းသားတစ်ယောက်အနေနှင့် ရရှိသော အကျိုးတရားမှာ အလွတ်ရသော ကဗျာကို ပြန်စဉ်းစားရုံနှင့် ကဗျာထဲက အချက်အလက်များအားလုံး အမိအရ စိတ်ထဲမှာ ပေါ်လာနိုင်ပြီး ပြည့်ပြည့်စုံစုံ ရေးသားဖြေဆိုနိုင်ခြင်း ဖြစ်ပါသည်။ ဆိုပါစို့။ ဝန်ကြီးပဒေသရာဇာ၏ ထန်းတက်သမား တျာချင်းကို အလွတ်ရထားလျှင် ထိုကဗျာကို ပြန်စဉ်းစားပြီး စိတ်ထဲမှာ ပေါ်လာသောအချက်များကို ထည့်သွင်းကာ ထန်းတက်သမား မိသားစုဘဝကို အသေးစိတ် သရုပ်ဖော်နိုင်ပါလိမ့်မည်။ ကဗျာစာသားကို တိုက်ရိုက်ကိုးကားချင်လျှင်လည်း ကဗျာကို အလွတ်ရထားသည့်အတွက် အလွယ်တကူ ထည့်သွင်း ကိုးကားနိုင်မည် ဖြစ်ပါသည်။ အသက်အရွယ်ရလာသူများ မိမိတို့ငယ်စဉ်က ကျက်မှတ်



mgyoe.com

mgyoe.com SAMPLE BOOK



ခဲ့သော ကဗျာများကို အသက်ကြီးသည်အထိ နှစ်သက်မြတ်နိုးစွာ ရွတ်ဆို ကိုးကားနိုင်ခြင်းမှာ ငယ်စဉ်က စွဲနေအောင် ကျက်မှတ်ထားသည့် အကျိုးတရား ဖြစ်ပါသည်။ သို့သော်—

ယနေ့ ကျောင်းသားအတော်များများသည် ကဗျာကျက်မှတ်သည့် အလေ့အထ နည်းပါးနေပါပြီ။ အချို့ဆိုလျှင် ပြဋ္ဌာန်းစာအုပ်မှ ကဗျာမူရင်းကို မကြည့်တော့ဘဲ ထိုကဗျာနှင့် ပတ်သက်သည့် မှတ်စုများ၊ အမေးအဖြေများကိုသာ ကျက်မှတ်ထားသည်ကို တွေ့ရပါသည်။ ကဗျာအလွတ်မရသည့် အတွက် စိတ်ထဲမှာလည်း မစွဲတော့ပါ။ အချို့ဆိုလျှင် နှစ်သက်ရကောင်းပင် မသိတော့ပါ။

အလွတ်ကျက်သင့်သော ကဗျာများကို အလွတ်မကျက်သော်လည်း၊ အလွယ်မကျက်သင့်သော မှတ်စုများကိုကျတော့ အလွတ်ကျက်နေကြပြန်သည်။ မြန်မာစာ မှတ်စုများသာမက အခြားဘာသာရပ်များ၏ အမေးအဖြေ မှတ်စုများကိုလည်း အလွတ်ကကျက်ကြသည်။ "အလွတ်မကျက်ဘဲ အချက်အလက်မှတ်ပြီး ကိုယ့်စကားနှင့် ကိုယ်ပြန်ရေးပါလား"ဟု ပြောသောအခါ "ကိုယ့်စာကားနှင့် ကိုယ်ပြန်ရေးရင် ကျန်ရစ်ခဲ့တာတွေ ရှိနိုင်တယ်။ အလွတ်ကျက်ထားတော့ အားလုံး ပိုင်ပိုင်နိုင်နိုင် ရှိတယ်"ဟု ပြန်ဖြေတတ်ကြသည်။ သေချာသည့် အချက်တစ်ချက်မှာ ဘယ်မေးခွန်း ဘယ်လိုဖြေဟု ပုံသေကျက်ထားသည့်အတွက် မေးခွန်းကို လှည့်မေးလိုက်လျှင် အလှည့်မခံနိုင်ခြင်းပင် ဖြစ်သည်။ အလှည့်မခံနိုင်ရုံသာမက မသင်တာ မေးတယ် ဘာညာ စသည်ဖြင့် ပြဿနာများလာတတ်ပါသည်။

အလွတ်ကျက်ဖို့ အားသန်သည့်အတွက် စိတ်ကူးဉာဏ်သုံးပြီး အကျိုးသင့် အကြောင်းသင့် ဆွေးနွေးရမည့်ဘက်တွင် အားနည်းသွားသည် ကား အမှန်ပင်။ စာမေးပွဲဖြေလျှင်လည်း အလွတ်ကျက်ထားသမျှ ကက်



mgyoe.com

mgyoe.com SAMPLE BOOK


ဆက်ဖွင့်လိုက်သလို တန်းစီပြီး ရေးချသည်။ တစ်နေရာတွင် မေ့သွားလျှင် ကိုယ့်ဉာဏ်နှင့်ကိုယ် ဆက်မရေးတတ်တော့၊ ကြားမှာ အစက်များချခဲ့ပြီး သတိရသည့်နေရာမှ ဆက်ရေးသည်။ မေးခွန်းနှင့်ဆိုင်သည့် မဆိုင်သည် မစဉ်းစားနိုင်တော့ဘဲ ကျက်ထားသမျှ ချရေးပြီး ကုန်လျှင် ရပ်လိုက်တော့သည်။

ပို၍ဆိုးသည်မှာ စာစီစာကုံးကအစ အလွတ်ကျက်ခြင်းဖြစ်သည်။ စာစီစာကုံး ရေးသားခြင်း၏ ရည်ရွယ်ချက်မှာ ကျောင်းသား၏ ပင်ကို အရည်အသွေးကို စစ်ဆေးလိုသည့် ရည်ရွယ်ချက်ဖြစ်ကြောင်း အထူးပြော ရန် လိုမည်မထင်ပါ။ ပေးထားသော ခေါင်းစဉ်နှင့်အညီ မိမိ၏ အသိ၊ အမြင်၊ ဗဟုသုတ၊ အတွေးအခေါ်တို့ကို မိမိ၏ ကိုယ်ပိုင်အရေးအသားဖြင့် အစီအစဉ်တကျ ရေးသားနိုင်မှု အရည်အသွေးကို စမ်းသပ်သည့် မေးခွန်း ဖြစ်သည့်အတွက် စာစီစာကုံးသည်လည်း မိမိ၏ ပင်ကို အရည်အသွေးကို အပြနိုင်ဆုံးဖြစ်သည်။ စာမေးပွဲခန်းထဲရောက်မှ ပြင်ရမည့် ခေါင်းစဉ်ကို မဥတည်၍ မိမိအရင်အသွေးပြရန် ရည်ရွယ်ထားသည်ကို ကြို၍ အလွတ် ကျက်လာသောအခါ ရည်ရွယ်ချက်နှင့် မကိုက်ညီဘဲ ဘေးကိုချော်သွားရ ပါတော့သည်။ စာမေးပွဲမှာ ဘယ်ခေါင်းစဉ် မေးမည်ကို ကြိုသိနိုင်သည့် အတွက် စာစီစာကုံး အပုဒ်ပေါင်းများစွာ အလွတ် ကျက်ရသည်မှာ ထို ကျောင်းသားအဖို့ပင်ပန်းလှသည်။ ကျက်ထားသော ခေါင်းစဉ်နှင့် တိုက်ရိုက် တိုးဖို့လည်း မလွယ်ပါ။ တိုက်ရိုက်မတိုး၍ စာတစ်မျက်နှာဖြစ်အောင်ပင် မရေးနိုင်သည့်အဖြစ်မျိုး။ ခေါင်းစဉ်နှင့် မဆီလျော်ဘဲ အလွတ်ကျက်သည့် စာစီစာကုံးကို ပြန်"အန်ချ"သဖြင့် အမှတ်မရသည့်အဖြစ်မျိုး ကြုံတတ်ကြ ပါသည်။

ယခုမူ စာစီစာကုံးကို ပုံကြမ်းအချက်အလက်များနှင့်အညီ ရေးစေ သည့်အတွက် အလွတ်ကျက်သည့်အလေ့ကို ဟန့်ထားနိုင်သည့် အခြေ


mgyoe.com

mgyoe.com SAMPLE BOOK



အနေ ရောက်လာပြီဖြစ်ပါသည်။

မြန်မာစာမှာ ကဗျာကို ကျက်မှတ်ဖို့ လိုအပ်သလို အခြားဘာသာများတွင်လည်း ပုံသေနည်း၊ ကိန်းဂဏာန်း၊ အရေအတွက်၊ ခုနှစ်သက္ကရာဇ် စသည်တို့ကို ကျက်မှတ်ဖို့ လိုပါလိမ့်မည်။ သို့သော် ကျက်မှတ်ဖို့ထက် သဘောနားလည်ဖို့ လိုအပ်သော သင်ခန်းစာများစွာ ရှိပါသည်။ သဘောနားလည်ပြီး ကိုယ့်စကားနှင့် ကိုယ်ပြန်ရေးသည့် အလေ့အကျင့်လုပ်လျှင် အလွတ်ကျက်သည့် အလေ့အကျင့် တဖြည်းဖြည်း လျော့ပါးသွားဖွယ် ရှိပါသည်။

ကျောင်းသားများ ကျင့်သုံးလိုက်နာအပ်သည့် အချက် ရှစ်ချက်ကို အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရက မိန့်ဆိုခဲ့ဖူးပါသည်။ ဆရာတော်က ပါဠိဘာသာဖြင့် "သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ"ဟု အကိုးအကား ဖော်ပြပါသည်။ မြန်မာလို ရှင်းရလျှင် ကြားနာခြင်း၊ ကြံစည်ခြင်း၊ မေးမြန်းခြင်း၊ ပြောဆိုခြင်း၊ စူးစမ်းဆင်ခြင်ခြင်း၊ ရေးသားခြင်း၊ လေ့ကျင့်ခြင်း၊ နှုတ်ငုံဆောင် (အလွတ်ကျက်)ခြင်း ဟူသော အချက်ရှစ်ချက် ဖြစ်ပါသည်။ နောက်ဆုံးအချက်ဖြစ်သော နှုတ်ငုံဆောင်ခြင်းရှေ့တွင် ကျင့်သုံးလိုက်နာအပ်သည့် အချက် ခုနစ်ချက် ရှိနေသေးကြောင်း အလေးအနက် ပြုသင့်ပါသည်။

အလဝတ်ကျက်သည့်သည်ကို ကျက်ရန်၊ မကျက်သင့်သည်ကို မကျက်ဘဲ သဘောနားလည်ပြီး ပြန်ရေးတတ်အောင်လေ့ကျင့်ရန် လိုအပ်ပါသည်။

**ရွှေမင်းမဂ္ဂဇင်း ၂၀၀၅၊ ဒီဇင်ဘာလ။**

■

mgyoe.com

mgyoe.com SAMPLE BOOK

# ရင်းဖျားကုန်စင် တတ်မြော်မြင်

ကျွန်တော်သည် ကျောင်းဆရာတစ်ယောက် ဖြစ်သည့်အတွက် လူငယ်များနှင့် ထိတွေ့ဆက်ဆံရသည့် အခွင့်အလမ်း များပါသည်။ ပတ်ဝန်းကျင်ရှိ လူငယ်အချို့နှင့် ပတ်သက်၍ သတိထားမိသော ကိစ္စကလေးများလည်း ရှိပါသည်။ ကိုယ်တွေ့အကြောင်းကလေးတစ်ခုနှင့် စပါရစေ။

တစ်နေ့တွင် ကျွန်တော် ဌာနက အခန်းရှေ့မှာ ထွက်ရပ်နေခိုက် ကျောင်းသားနှစ်ယောက် အခန်းရှေ့ရောက်လာပါသည်။

"ဦးထွန်းညိုဆိုသော ဆရာလား ဆရာ"

သူတို့က ကျွန်တော့်ကိုမေးလိုက်သည့်အတွက် ကျွန်တော် အလန့်တကြား ဖြစ်သွားပြီး သူတို့ကို ချက်ချင်း ဘာမှပြန်မဖြေနိုင်သေးဘဲ ခဏလောက် ကြောင်ကြည့်နေမိသည်။ ပြီးမှ—

"ဟော– မဟုတ်ဘူးကွ၊ ဦးထွန်းညိုက ဟိုအခန်းမှာရှိတယ်"ဟု ညွှန်ပြလိုက်ရပါသည်။

ကျွန်တော် အလန့်တကြား ဖြစ်သွားရသည်မှာ အကြောင်းရှိပါသည်။ ထိုစဉ်က ထိုဌာနတွင် ကျွန်တော် ဆက်တိုက်အမှုထမ်းသည်မှာ



mgyoe.com

mgyoe.com SAMPLE BOOK



ဆယ်နှစ်ကျော်ပါပြီ။ နေရာတစ်ခုတည်းမှာ ဆယ်နှစ်လောက် ဆက်တိုက်နေရသည့်အတွက် ကျွန်တော့်ကို သိသူများပါသည်။ ကျွန်တော့်ကို လာမေးသော ထိုကျောင်းသားနှစ်ယောက်၏ အတန်းကိုလည်း ကျွန်တော်သင်ရသည့်အတွက် သူတို့ကို အမြဲမြင်တွေ့နေရပါသည်။ သူတို့ကို သင်ကြားနေသော ဆရာဖြစ်သည့် ကျွန်တော့်ကို ကောင်းကောင်းသိမည်ဟု သံသယမရှိ ယုံကြည်နေမိပါသည်။ ထိုအခြေအနေတွင် သူတို့က "ဦးထွန်းညို့ဆိုတာ ဆရာလား ဆရာ"ဟု မေးလိုက်သည့်အတွက် ကျွန်တော့်နာမည်ကိုပင် မသိကြောင်း သတိပြုမိပြီး အလန့်တကြားဖြစ်သွားရခြင်း ဖြစ်ပါသည်။ ကျွန်တော့်နာမည်ကို ကျွန်တော်သင်နေသော ကျောင်းသားများ သိမည်ဟု ထင်မိခြင်းမှာ ကိုယ့်ကိုယ်ကို အထင်ကြီးရာ ရောက်နေပါပြီ။

"မင်းတို့ကွာ ကိုယ့်ကိုသင်တဲ့ ဆရာကိုတောင် ဘယ်သူမှန်း မသိဘူးလား"ဟု ကျွန်တော်က ထပ်ကွန့်လိုက်သောအခါ သူတို့နှစ်ယောက်က–

"အဲဒီလို မသိလို့ မနှစ်က ကျွန်တော်တို့ စာမေးပွဲကျတာပေါ့ ဆရာရဲ့"ဟု ရယ်ရယ်မောမော ပြောရင်း ထွက်သွားသည်။ ကျွန်တော့်မှာ ငိုရမလို ရယ်ရမလို ဘာပြောရမှန်းမသိ ကျန်ခဲ့ပါသည်။

ပူပူနွေးနွေး ဘွဲ့ရပြီးသော ရုပ်ရှင်သရုပ်ဆောင် မင်းသမီးတစ်ယောက်ကို မဂ္ဂဇင်းမှာ အင်တာဗျူးလုပ်ရာတွင် မေးသူက "ကျောင်းမှာ ဘယ်ဆရာတွေ သင်သလဲ"ဟု မေးသောအခါ သူက "မမှတ်မိတော့ပါဘူး"ဟု ပြန်ဖြေသည်ကို ကြားလိုက်ရပါသည်။

"ခုခေတ် လူငယ်အချို့ဟာ တော်တော်အမှတ်သညာ မစွဲမြဲတာပဲ၊ တို့တုန်းက ဘယ်အတန်းမှာ ဘယ်ဘာသာကို ဘယ်ဆရာ သင်တယ်ဆိုတာ ခုအသက်ကြီးတဲ့အထိ မမေ့သေးဘူး၊ သူတို့ကျတော့ နောက်ဆုံး



mgyoe.com

mgyoe.com SAMPLE BOOK



သင်ခဲ့တဲ့ ဆရာနာမည်ကိုတောင် မမှတ်မိချင်တော့ဘူး”ဟု ဆရာကြီး တစ်ယောက်က မှတ်ချက်ချဖူးပါသည်။

ဆရာ့ကိုမှ မမှတ်မိလျှင် ဆရာသင်ခဲ့သော သင်ခန်းစာများကိုလည်း မှတ်မိပါမည်လား။ ထိုသို့သော လူငယ်များ၏ မစွဲမြဲပုံကို ဖော်ပြနေသော သာဓကများ ဖြစ်ပါသည်။

“ပညာခေတ်”ဟု ဝိသေသပြုရသော ယနေ့ခေတ်မှာ ပညာရှာရန် အခွင့်အလမ်းတွေ များစွာပွင့်နေပါသည်။ တက္ကသိုလ်တွေမှာ ရွေးချယ် သင်ယူစရာ ဘာသာတွေ အများကြီးရှိသည်။ ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း စသည့် သင်တန်းအမျိုးမျိုး နေရာအနှံ့ရှိသည်။ သင်တန်းတွေမှာ လူငယ်တွေ ကြိတ်ကြိတ်တိုး စည်ကားစွာ တက်နေကြ သည်။ အင်နှင့် အားနှင့် တက်တက်ကြွကြွ ပညာရှာကြပုံမှာ အားရစရာ ကောင်းပါသည်။ ထူးချွန်ပေါက်မြောက်သွားသူများကိုလည်း တွေ့ရပါ သည်။ သို့သော်–

“အင်္ဂလိပ်စာသင်တန်းတွေ တက်နေတာ သုံးလေးမျိုး ရှိပါပြီ။ ဟုတ်တိပတ်တိလည်း မပြောတတ် မရေးတတ်ဘူး” ဟူ၍ အဖေတစ် ယောက်က သူ့သမီးအကြောင်း မှတ်ချက်ချသည်ကို ကြားလိုက်ရသောအခါ ကျွန်တော် ရှေ့မှာတင်ပြခဲ့သော “စွဲမြဲမှု”ကို သတိရမိပါသည်။ ဤသို့သော လူငယ်မျိုးလည်း ရှိတန်သလောက် ရှိပါလိမ့်မည်။

မစွဲမြဲမှုနှင့်အတူ အဖတ်အရှု အလေ့အလာ နည်းမှုလည်း ဆွေးနွေး စရာ ပြဿနာတစ်ရပ် ဖြစ်နေပါသည်။ အလုပ်လျှောက်ရာတွင် လူတွေ့ စစ်မေးရာ၌ အလေ့အလာ အဖတ်အရှု နည်းသော လူငယ်များနှင့် ကြုံရ ကြောင်း ပုဂ္ဂိုလ်တစ်ဦးက ပြောပြဖူးပါသည်။ အင်္ဂလိပ်စာဖြင့် ဘွဲ့ရထား သည့် ကျောင်းသားတစ်ယောက်ကို “ရထားပို့ဆောင်ရေးဝန်ကြီးဌာနကို



mgyoe.com

mgyoe.com SAMPLE BOOK



ဘယ်လိုခေါ်သလဲ"ဟု မေးသောအခါ "Ministry of Train"ဟု ဖြေသည် ဟူသတတ်။ "သဘာဝဘေးအန္တရာယ်"ကို အင်္ဂလိပ်လို ဘယ်လိုရေးသလဲ ဟု မေးသောအခါ "Natural disester"ဟု ဖြေရမည့်အစား "Natural danger"ဟု ဖြေကြောင်း ပုဂ္ဂိုလ်တစ်ဦးထံမှ သိရပါသည်။

"မြန်မာစာနဲ့ ပတ်သက်လို့လည်း ဒီလိုပါပဲဆရာ"ဟု တစ်ယောက်က ပြောသည်။ မဂ္ဂဇင်းတိုက် တစ်တိုက်တွင် အလုပ်လာလျှောက်သော မိန်းကလေးတစ်ယောက် စာပေလေ့လာမှု အခြေအနေကို မေးသောအခါ "သမီးက ဆရာမကြီး ဒဂုန်တာရာရဲ့ စာတွေ ကြိုက်ပါတယ်"ဟု ဖြေသည် ဟူ၏။ တစ်ချိန်က လူရွှင်တော်ပြက်လုံးတစ်ခုတွင် "ဆရာမကြီး ဒေါ်မြသန်းတင့်"ဟု ပြက်လုံးထုတ်သည်မှာ တမင်ရယ်ရအောင် ပြောခြင်း ဖြစ်သော်လည်း ထိုကလေးမလေးကတော့ ဒဂုန်တာရာဆိုသည်မှာ ဆရာမကြီးဟု အမှတ်မှားနေဟန်တူပါသည်။ ဒဂုန်တာရာ၏စာကို လုံးဝ မဖတ်ဖူးကြောင်း ထင်ရှားပါသည်။

"လူငယ်တချို့က တက္ကသိုလ်စာကြည့်တိုက်ကို သူ့တို့ ဓာတ်ပုံရိုက်ဖို့ နောက်ခံအနေနဲ့ အသုံးပြုရတာ ပိုစိတ်ဝင်စားသလား မသိပါဘူးဗျာ၊ စာကြည့်တိုက်ထဲဝင်ပြီး စာဖတ်ဖို့ တော်တော်တိုက်တွန်းရတယ်"ဟု ဆရာတစ်ယောက်က ညည်းသောအခါ–

"ပုဂံလေ့လာရေးသွားရင်လည်း ဒီလိုပဲ၊ ပုဂံဘုရားတွေကို နောက်ခံထားပြီး ဓာတ်ပုံရိုက်ဖို့ အရင်အလုအယက် စီစဉ်ကြတာပဲ"ဟု တစ်ယောက်က ပြောပြပါသည်။

ရာမာကရစ်ရှနာ၏ သုတ္တန်ပုံပြင်များထဲမှ ပုံပြင်တစ်ပုဒ်ကို သတိရမိပါသည်။ ရေတွင်းတူးသူ နှစ်ယောက်အကြောင်း ဖြစ်သည်။ တစ်ယောက်က တစ်နေရာမှာ သုံးလေးတောင်တူးကြည့်ပြီး ရေထွက်မှာမဟုတ်



mgyoe.com

mgyoe.com SAMPLE BOOK



ဘူးဟု ထင်ကာ နောက်တစ်နေရာမှာ တူးကြည့်ပြန်သည်။ ဤသို့ နေရာ ရွှေ့ရွှေ့ပြီး သုံးလေးတောင်စီသာ တူးသည့်အတွက် ဘယ်တွင်းမှ ရေ မထွက်ဘဲ အချည်းနှီးဖြစ်ရသည်။ တစ်ယောက်ကမူ တစ်နေရာတည်းမှာသာ စွဲစွဲမြဲမြဲ တူးသဖြင့် ပထမလူတူးသည့် ပေအရေအတွက် စုစုပေါင်းလောက် မများခင်မှာပင် မြေထဲက ရေထွက်လာပြီး အောင်မြင်သွားရသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ပညာဆည်းပူးသူများကို "ပန်းပဲ ရွာမှာ အိပ်ရောင်းနိုင်အောင် ကြိုးစားရမည်"ဟု ဩဝါဒပေးဖူးသည်။ ငါးရာ့ငါးဆယ် နိပါတ် "သူစိဇာတ်"ခေါ် ဇာတ်တော်ကို ကိုးကား၍ ဩဝါဒပေးခြင်းဖြစ်သည်။ ပန်းပဲအတတ်ကို ထူးချွန်စွာ တတ်မြောက်သော လုလင်သည် အပ်တစ်စင်းပြုလုပ်ပြီး ပန်းပဲရွာမှာ သွားရောင်းသည်။ ပန်းပဲရွာမှာ အပ်သွားရောင်းခြင်းမှာ စိန်ခေါ်ခြင်းဖြစ်သည်။ ပန်းပဲဆရာ ကြီးက လုလင်ကိုခေါ်ပြီး စူးစမ်းသောအခါ သေးသေးမျှင်မျှင် အချောင်း ကလေး ထုတ်ပြသည်။ "အပ်လား"ဟု မေးရာ အုပ်မဟုတ်ကြောင်း၊ အပ်ထည့်သော အပ်ကျည်(အပ်ဘူး)ဖြစ်ကြောင်း ရှင်းပြသည်။ ထိုအပ်ကျည် ကလေးထဲမှ အပ်ကျည်ပေါင်း ခုနစ်ခု အဆင့်ဆင့် ဆွဲထုတ်ပြပြီး နောက် ဆုံးမှ အပ်ချောင်းကလေး ထွက်လာသည်။ ထိုအပ်ကို ပေပေါ်တင်၍ တူနှင့် ထုသောအခါ ထုတ်ချင်းပေါက်ထွက်သွားသည်။ ထိုအခါမှ ပန်းပဲ ဆရာကြီးသည် ပန်းပဲလုလင်၏ အစွမ်းကို သိသွားပြီး သမီးနှင့် ပေးစား သည်။ ဤသာဓကကိုပြပြီး ပညာတစ်ခုကို အစမှအဆုံး ထူးချွန်ပေါက် မြောက်အောင် သင်ကြရန် ဩဝါဒပေးခြင်းဖြစ်သည်။

လောကနီတိတွင် ပညာတစ်ခုကို အစအဆုံးတတ်လျှင် အသက်မွေး လောက်သည်ဟု မိန့်ဆိုထားသည်ကို နေမျိုးမင်းထင်ကျော်ခေါင်၏ လောကနီတိပျို့တွင် "ရင်းဖျား ကုန်စင်၊ တတ်မြော်မြင်"ဟု ဖွဲ့ထားသည်။



mgyoe.com

mgyoe.com SAMPLE BOOK



ပညာခေတ်တွင် ပညာကို အားသွန်ရှာဖွေနေသော လူငယ်ပေါင်းမည်သည့်ပညာရပ်မဆို "ရင်းဖျားကုန်စင်၊ တတ်မြော်မြင်"နိုင်ကြပါစေဟု ဆန္ဒပြုပါသည်။

ရွှေမငြိမ်းမဂ္ဂဇင်း ၂၀၀၅၊ ဇန်နဝါရီလ။

■



mgyoe.com

mgyoe.com SAMPLE BOOK

## တန်းတူ ရည်တူ

တစ်ခါက မိတ်ဆွေ ဆရာတစ်ယောက် စိတ်ဆိုးသွားရသည့် အကြောင်းတစ်ခုကို သတိရနေမိပါသည်။ ထိုဆရာသည် တက္ကသိုလ် ဘာသာရပ်တစ်ခုကို နက်နက်ရှိုင်းရှိုင်း သုတေသနပြုနေသူ ဖြစ်သည်။ ထိုဌာနတွင် အမှုထမ်းနေသော အသင်အပြကောင်းသော ဆရာတစ်ဦး လည်း ဖြစ်သည်။ တစ်နေ့တွင် အခြားဘာသာရပ် တစ်ခုကို သင်ယူနေ သော ကျောင်းသားတစ်ယောက်က ကျွန်တော့်မိတ်ဆွေဆရာကို "ဆရာ ဆယ်တန်းအောင်တုန်းက အမှတ်နည်းနည်းနဲ့အောင်လို့ အဲဒီဘာသာယူပြီး အဲဒီဌာနမှာ ဆရာဖြစ်တာပေါ့နော်"ဟု တွေးတွေးဆဆ ပြောလာသော ကြောင့် သူစိတ်ဆိုးသွားရခြင်း ဖြစ်သည်။ "ဟေ့ကောင်၊ ငါက အမှတ် နည်းလို့ ဒီဘာသာရတာ မဟုတ်ဘူးကွ၊ ဝါသနာပါလို့၊ ယူချင်လို့ ယူတာကွ"ဟု ထိုတပည့်ကို စိတ်ဆိုးမာန်ဆိုးနှင့် ပြန်ပြောမိခဲ့ကြောင်း မိတ်ဆွေဆရာက ပြောပြပါသည်။

တက္ကသိုလ်ဘာသာရပ်များကို သင်ယူရန် လျှောက်ထားသော ကျောင်းသား ကျောင်းသူများအား နိုင်ငံ၏ လိုအပ်ချက်အရ အမှတ်



mgyoe.com

mgyoe.com SAMPLE BOOK



အလိုက် အရေအတွက် သတ်မှတ်ပြီး သင်ယူခွင့်ပြုသော အစဉ်အလာကို နှစ်အတော်ကြာကြာပင် ကျင့်သုံးခဲ့ကြောင်း အများသိကြပါသည်။ ကြာလာသောအခါ "အမှတ်များလျှင် ဘယ်ဘာသာ သင်ယူခွင့်ရသည်၊ အမှတ်နည်းလျှင် ဘယ်ဘာသာပဲ ရသည်" စသည်ဖြင့် ဘာသာရပ်များကို တန်ဖိုးဖြတ်သည့် သဘောထားများ လူငယ်များ၏ စိတ်တွင် စွဲထင်လာပါသည်။ ထို့ကြောင့်လည်း အမှတ်နည်းသူများ ယူရသော ဘာသာဟု သူတို့ နားလည်ထားသော ဘာသာကိုယူသည့် ကျွန်တော့်မိတ်ဆွေဆရာကို သူ့တပည့်က အထက်ပါကဲ့သို့ ပြောခြင်းဖြစ်ပါလိမ့်မည်။

တက္ကသိုလ်မှာ သင်ကြားပို့ချနေသော ဘာသာရပ်တိုင်း ပညာရပ်ရှုထောင့်ကကြည့်လျှင် တန်းတူရည်တူ တန်ဖိုးရှိပါသည်။ ထိုးထိုးထွင်းထွင်း ခြေခြေမြစ်မြစ် လေ့လာလျှင် ပညာရပ်၏ အနှစ်သာရကို ဆည်းပူးရရှိနိုင်သည်ချည်းဖြစ်ပါသည်။ မြန်မာစာဆိုပါစို့။ ကိုလိုနီခေတ်တွင် မျက်နှာငယ်နေသော မြန်မာစာကို ဆရာကြီး ဦးဖေမောင်တင်က တက္ကသိုလ်ဘာသာရပ်တစ်ခုအဖြစ် တင့်တင့်တယ်တယ် နေရာရအောင် အားထုတ်ခဲ့သည်။ မြန်မာဂုဏ်ထူးတန်း ဖွင့်ခဲ့သည်။ ပထမဆုံး မြန်မာစာဂုဏ်ထူးတန်းယူသော ကျောင်းသားမှာ တစ်ယောက်တည်းသာ ဖြစ်သည်။ "မြန်မာစာယူတာ ဘုန်းကြီးလုပ်မလို့လား"ဟု အပြောင်အလှောင် ခံရသော ထိုကာလတွင် ထိုကျောင်းသားသည် မြန်မာစာဂုဏ်ထူးတန်းကို ပထမတန်းက ထူးထူးချွန်ချွန် အောင်မြင်ခဲ့သည်။ ထိုကျောင်းသားကား သိပ္ပံမောင်ဝဟု ထင်ရှားလာမည့် ဦးစိန်တင်ဖြစ်သည်။ မြန်မာစာ ထူးချွန်သော ဦးစိန်တင်ကို အစိုးရက နိုင်ငံခြားပညာတော်သင်အဖြစ် ရွေးချယ်စေလွှတ်လိုက်သည်။ ပြန်လာသောအခါ နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း စာကောင်းပေမွန်များကို ကွယ်လွန်ခါနီး နာရီပိုင်းကာလအထိ ပြုစုသွားသည်။ မြန်မာစာဘာသာ



mgyoe.com

mgyoe.com SAMPLE BOOK


ရပ်၏ တန်ဖိုးကို ဦးစိန်တင်က ဦးဦးဖျားဖျား သက်သေထူခဲ့သည်။ မြန်မာစာကို အပတ်တကုတ် လေ့လာဆည်းပူးခဲ့သူများတွင် ပါမောက္ခ ဦးဖေမောင်တင်ကဲ့သို့ တက္ကသိုလ်ပါမောက္ခကြီးများ၊ ဆရာဇော်ဂျီ၊ ဆရာ မင်းသုဝဏ်တို့ကဲ့သို့ စာပေပညာရှင် စာရေးဆရာကြီးများ၊ ပင်လုံစာချုပ် တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သော ဆရာကြီး ဦးတင်ဖေ ကဲ့သို့သော ပညာရှင်များ ပါဝင်ပါသည်။

အခြားဘာသာရပ်များကို ဖြန့်ကြက်ကြည့်ပါဦး။ မကြာမီက ကွယ်လွန်သွားသော ဆရာကြီး ဒေါက်တာသန်းထွန်းဆိုလျှင် ထင်ရှားသော သမိုင်းပညာရှင်ကြီး ဖြစ်သည်။ ကွယ်လွန်သွားသော စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင် ဆိုလျှင်လည်း ထင်ရှားသော စိတ်ပညာရှင် ဖြစ်သည်။ ဆရာကြီးဒေါက်တာကျော်စိန်က စိတ်ပညာဘာသာရပ်ကို လူထု ပရိသတ်ထဲ ရောက်အောင် ပေါ့ပါးသွက်လက်သော ဆောင်းပါးများဖြင့် ပို့ဆောင် ပေးလျက်ရှိသကဲ့သို့ ဆရာကြီးဒေါက်တာခင်မောင်ဝင်းကလည်း ဒဿနိက ဗေဒ ပညာရှင်တစ်ဦးအဖြစ် ဆောင်းပါးများ၊ စာတမ်းများ ရေးသားပြုစုနေဆဲ ဖြစ်သည်။ ဟောပြောပို့ချနေဆဲဖြစ်သည်။ သိပ္ပံပညာ ရပ်များဆိုလျှင်လည်း အလားတူပင်။ တစ်ချိန်က ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ်များကို ကြည့်ပါဦး။ ဆရာကြီး ဒေါက်တာ မောင်မောင်ခဆိုလျှင် ရူပဗေဒပညာရှင်ကြီးဖြစ်သည်။ ဆရာကြီး ဒေါက်တာ သာလှဆိုလျှင် ဘူမိဗေဒပညာရှင်ကြီး ဖြစ်သည်။ ဆရာကြီး ဦးကာဆိုလျှင် သင်္ချာပညာရှင်ကြီး ဖြစ်သည်။ ဆရာကြီး ဒေါက်တာထွန်းမောင်ဆိုလျှင် သတ္တဗေဒပညာရှင်ကြီး ဖြစ်သည်။ အထူးဆိုရလျှင် လွတ်လပ်ရေးရပြီး နောက် ပထမဆုံး ရန်ကုန်တက္ကသိုက် ပါမောက္ခချုပ်ဖြစ်သော ဆရာကြီး ဒေါက်တာထင်အောင်ဆိုလျှင် အင်္ဂလိပ်စာပေ၊ ဥပဒေပညာ မနုဿဗေဒ


mgyoe.com

mgyoe.com SAMPLE BOOK



ပညာတို့ကို ထူးထူးချွန်ချွန် လေ့လာဆည်းပူးခဲ့သော ပညာရှင်ကြီး ဖြစ်ပါသည်။

အားကျစရာကောင်းသော ထိုပုဂ္ဂိုလ်ကြီးများသည် ကျောင်းသားဘဝက "အောင်ရင်တော်ပါပြီ"ဟု ကျေနပ်တင်းတိမ်ခဲ့ကြသူများ မဟုတ်ပါ။ သက်ဆိုင်ရာ ပညာရပ်များကို ထိုးထိုးထွင်းထွင်း တတ်သိနားလည်အောင် ဆည်းပူးခဲ့ကြသူများ ဖြစ်သည့်အတွက် ဤအခြေအနေသို့ ရောက်ကြခြင်း ဖြစ်ပါသည်။

ယနေ့လူငယ်များ ပညာရှာရာမှာ ပညာကို ချွေတာကြသည်။ များများရအောင် မယူ။ နည်းနည်းရလျှင် ကျေနပ်နေကြသည်ဟု ပညာရှင်တစ်ဦးက ဟာသနှော၍ မိန့်ကြားဖူးသည်။ လူငယ်အချို့တွင် ဤသဘောထားမျိုး ရှိနေခြင်းကား အားမရစရာကောင်းပါသည်။ ဝမ်းနည်းစရာလည်း ကောင်းပါသည်။ သူတို့က စာနည်းနည်းသင်ရလေလေ၊ သဘောကျလေလေ ဖြစ်သည်။ ဆရာက စာများများသင်လျှင် မကြိုက်။ သင်ခန်းစာပုဒ်ရေကို ဟိုဟာလျှော့ပါဦး၊ ဒီဟာလျှော့ပါဦးဟု ဈေးဆစ်တတ်သည်။ "နှစ်ပုဒ်ကျက်၊ နှစ်ပုဒ်မေး၊ နှစ်ပုဒ်ဖြေ" ဟူသော သင်ယူမှုမျိုးကို သဘောကျသည်။ များများသင်လျှင် "ဒါတွေ စာမေးပွဲမှာ ပါမှာလား"ဟု မေးချင်တတ်သည်။ စာမေးပွဲမှာ မပါဘဲ အချိန်ကုန်ခံပြီး ပြောမနေနှင့် ဟူသော မျက်နှာပေးမျိုးဖြင့် တုံ့ပြန်ကြသည်။

နောက်တစ်ခု တင်ပြလိုသည်မှာ ယနေ့ ကျောင်းပတ်ဝန်းကျင် တက္ကသိုလ် ပတ်ဝန်းကျင်မှာ ပြောဆိုနေကြသော အသုံးအနှုန်းတစ်ခု အကြောင်းဖြစ်သည်။ "ဒီမေးခွန်းက ဆယ်မှတ်ဖိုးမေးထားတာ"၊ "ဒီမေးခွန်းက တစ်မှတ်တန်မေးခွန်းပဲ" စသည်ဖြင့် ပြောပုံမျိုးဖြစ်သည်။ "ဖိုး" တို့၊ "တန်"တို့ဆိုသော စကားလုံးများက ပညာရပ်ကို ဈေးအရောင်း



mgyoe.com

mgyoe.com SAMPLE BOOK



အဝယ်လို သဘောထားပြီး သတ်မှတ်သည့် အလေ့ကို ဖော်ပြနေပါသည်။ "ဆယ်မှတ်ဖိုး"ဆိုသော စကားကို ကြားလိုက်ရတိုင်း "ဘူးသီးကြော် တစ်ရာဖိုး ဘယ်နှခုလဲ"ဟု ဈေးသည်ကို မေးသည့် စကားကို သတိရလာပါသည်။ "တစ်မှတ်တန်"ဆိုသော စကားကို ကြားလိုက်ရတိုင်း "တစ်သိန်းတန် လက်ပတ်နာရီ"ဆိုသော စကားမျိုးကို သတိရလာပါသည်။ ပညာရပ်ကိစ္စကို အရောင်းအဝယ် စကားများဖြင့် သုံးနေကြခြင်းပါကလားဟု တွေးမိပါသည်။

တက္ကသိုလ်မှာ ကျွန်တော်တို့ နည်းပြဆရာဖြစ်စက နည်းပြတန်းများကို ပြန်သတိရပါသည်။ နည်းပြတန်းတွင် ကျောင်းသားများ ဖြေဆိုထားသော အဖြေစာရွက်များကို စစ်ဆေးအကဲဖြတ်၍ ပြန်ပေးပြီးနောက် နည်းပြဆရာက ဆက်စပ်နိုးနွယ်ရာ မှတ်သားဖွယ်များကို ပြောပြသည်။ ကျောင်းသား‌များက အလေးအနက် မှတ်သားကြသည်။

ထိုအကြောင်းအရာများသည် စာမေးပွဲမှာ မေးမည့် မေးခွန်းနှင့် မပတ်သက်ကြောင်း ကျောင်းသားတိုင်း သိသည်။ သို့သော် ထိုကျောင်းသားများက "စာမေးပွဲမှာ မေးမှာမှ မဟုတ်ပဲ"ဟု သဘောမထား။ သိလိုစိတ်ဖြင့် မှတ်သားကြသည်။ နည်းပြတန်း လေ့ကျင့်ခန်းလုပ်လျှင်လည်း ကြိုးကြိုးစားစား ဖြေကြသည်။ နည်းပြဆရာက အမှတ်ကောင်းသော အဖြေများကို ကျောင်းသားများရှေ့မှာ ဖတ်ပြသောအခါ ကာယကံရှင်က ဂုဏ်ယူဝမ်းသာသလို ကျန်အတန်းသားများကလည်း သဘောကျသည်။ စာမေးပွဲမှာ ပါဖို့ဆိုသော အကျိုးအမြတ် တစ်ခုတည်းကို မမျှော်လင့်ဘဲ ပညာဆည်းပူးလိုသောစိတ်ဖြင့် လေ့လာသင်ယူကြခြင်း ဖြစ်သည်။

မကြာမီက နည်းပြဆရာမကလေး တစ်ယောက် အတန်းဝင်ပြီး လေ့ကျင့်ခန်းမေးခွန်း မပေးမီ သူလေ့လာထားသော ဆက်စပ်နိုးနွယ်ရာ



mgyoe.com

mgyoe.com SAMPLE BOOK



များကို ကျောင်းသားများအား ရှင်းလင်းပြောပြနေသည်။ ထိုစဉ် ကျောင်းသားတစ်ယောက်က "ဆရာမ၊ ဘာတွေပြောနေတာလဲ၊ ကျွန်တော်တို့ရေးဖို့ မေးခွန်းပေးပါတော့၊ ဖြေချင်ပြီ"ဟု ထပြောသည့်အတွက် ဆရာမကလေး ခမျာ ကသိကအောက်ဖြစ်သွားရသည်ဟု သိရပါသည်။ ရှေ့တွင် တင်ပြခဲ့သည့်အတိုင်း ထိုကျောင်းသားမျိုးသည် "အောင်လျှင်တော်ပါပြီ"ဟု သဘောထားသော ကျောင်းသားမျိုးဖြစ်မည်မှာ သေချာပါသည်။

ဆရာကြီး ဦးဖေမောင်တင်က "တပည့်က ဆရာထက်တော်ရမယ်၊ ဒါမှ ပညာရည်တိုးတက်မယ်"ဟု မိန့်ဆိုခဲ့ဖူးပါသည်။ ဆိုခဲ့သော ကျောင်းသားမျိုးကမူ ဆရာကို အားကျပြီး ဆရာ့ထက်တော်အောင် လုပ်ဖို့ဖယ်ထား၊ ဆရာပေးသမျှ ပညာကိုပင် ပြည့်ပြည့်ဝဝ မယူချင်သူမျိုး ဖြစ်နေသည်။ သို့ဆိုလျှင် ထိုသို့သော ကျောင်းသားမျိုး၏ လက်ထက်တွင် သူလေ့လာခဲ့သော ပညာရပ်၏ အလားအလာသည် မည်သို့ရှိပါမည်နည်း။

ကျွန်တော် တစ်မျှော်တစ်ခေါ် တွေးနေမိပါသည်။

**ရွှေမင်္ဂလာ မဂ္ဂဇင်း ၂၀၀၆၊ မေ။**

■

mgyoe.com